## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ
## အမိန့်ကြော်ငြာစာ
## အမှတ်၊ ၈ /၂၀၁၆
## ၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
## (၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ သဘာဝဘေး လျော့ပါးရေးဆိုင်ရာ အသိပညာပေးအစီအစဉ်များထုတ်လွှင့်ပေးခြင်း၊ ကြိုတင်သတိပေးစနစ်ဆိုင်ရာ သတင်းထုတ်ပြန်ချက်များ၊ သတိပေးချက်များ၊ ကြေငြာချက်များကို ပြည်သူလူထုထံသို့ ရောက်ရှိနိုင်သမျှနည်းလမ်းများသုံး၍ ထုတ်ပြန်ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များကို အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ ထုတ်လွှင့်ပြန်ကြားပေးခြင်းစသော သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း(၃)၊ ပုဒ်မ ၅(ခ)တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် **"သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(င) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) ဦးဆောင်ညွှန်ကြားရေးမှူး အတွင်းရေးမှူး
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

၂။ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပုံမှန်အချိန်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးအစီအစဉ်များကို မီဒီယာနည်းလမ်းများအသုံးပြု၍ ပြည်သူလူထုအသိပညာရရှိစေရေးဆောင်ရွက်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များဖြန့်ဝေခြင်း၊ အသိပညာပေးအစီအစဉ်များ ထုတ်လွှင့်ပြခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းကော်မတီများ၊ UN, INGOs, NGOs အဖွဲ့များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးအမျိုးအစားအလိုက် ကြိုတင်သတိပေးကွန်ယက်စနစ်များ တည်ဆောက်ထားရန်၊

(ဃ) သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ကြောင်း ကြိုတင်သတင်းရရှိချိန်မှစ၍ သက်ဆိုင်ရာဌာနများမှထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်များ၊ သတိပေးချက်များ၊ ကြေငြာချက်များကိုပြည်သူလူထုထံသို့ ရောက်ရှိနိုင်သမျှနည်းလမ်းများသုံး၍ ထုတ်ပြန်ဆောင်ရွက်ပေးရန်၊

(င) သဘာဝဘေးကြိုတင်သတိပေးချက် ရရှိချိန်မှစ၍ သဘာဝဘေးမကျရောက်မီ၊ ကျရောက်နေချိန်၊ ကျရောက်ပြီးနောက် ရရှိသောသတင်းအချက်အလက်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်နှင့် သတင်းထုတ်ပြန်မှုများဆောင်ရွက်ရန်၊

(စ) သဘာဝဘေးကျရောက်သည့်ဒေသများသို့ Mobile Team များစေလွှတ်၍ မြေပြင်သတင်းအချက်အလက်များ ရရှိရေးဆောင်ရွက်ရန်နှင့် သတင်းထုတ်ပြန်မှုများဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးဖြစ်ပွားပြီးနောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ကူညီရေးလုပ်ငန်းများ၊ အလှူရှင်များ၏လှူဒါန်းထောက်ပံ့မှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ နိုင်ငံတကာအကူအညီများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာဖြင့် စဉ်ဆက်မပြတ်ထုတ်လွှင့် ဖော်ပြပေးရန်၊

(ဇ) နိုင်ငံတော်အဆင့်မှ ဖြေရှင်းဆောင်ရွက်ခဲ့ရသည့် ဘေးအန္တရာယ်များနှင့်ပတ်သက်၍ မှတ်တမ်းတင် ရိုက်ကူးထုတ်လွှင့်နိုင်ရေးဆောင်ရွက်ရန်၊

(ဈ) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ည) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကိုမှတ်တမ်းပြုစုထားရှိရန်နှင့် (၃)လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို တင်ပြသွားရန်၊

(ဋ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကိုဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ(ကိုယ်စား)

စိုးအောင်

အတွင်းရေးမှူး

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

8-7-16committee